ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု အစီအစဉ်



ဒရယ်ကျေးရွာအုပ်စု၊ဒရယ်ကျေးရွာ

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

၁။ ချောင်းဆုံမြို့နယ်ပြပြေပုံ.....3

၂။ ဒရယ်ကျေးရွာတည်နေရာပြပြေပုံ.....4

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း.....5

၄။ ကျေးရွာအခြေခံအချက်အလက်များ.....Error! Bookmark not defined.

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား....6

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ.....8

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ..... 20

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း..... 23

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁).....Error! Bookmark not defined.

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂).....Error! Bookmark not defined.

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃).....Error! Bookmark not defined.

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄).....Error! Bookmark not defined.

၁၃။ အစည်းအဝေးမှတ်တမ်းများ.....Error! Bookmark not defined.

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ..... 25

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ..... 25


၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ..... 26

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မ
(ဒရယ်ကျေးရွာအုပ်စုဒရယ်ကျေးရွာ)

၂။ ဒရယ်ကျေးရွာတည်နေရာပြမြေပုံ



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မ

(ဒရယ်ကျေးရွာအုပ်စု၊ဒရယ်ကျေးရွာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

ကျေးရွာအုပ်စုအမည်	ကျေးရွာအမည်
ဒရယ်ကျေးရွာအုပ်စု	ဒရယ်ကျေးရွာ

ကျေးရွာအမည် - ဒရယ်ကျေးရွာ

ကျေးရွာအုပ်စုအမည် - ဒရယ်ကျေးရွာ

လူဦးရေ - ကျား - ၂၄၆၂၊ မ ၂၆၀၄၊ စုစုပေါင်း ၅၀၆၆ ဦး

အိမ်ထောင်စု - ၁၀၀၃ စု

ကျန်းမာရေးဆေးပေးခန်း - ၁

ပညာရေးအဆောက်အဦး -အ.မ. က ၊ အ.ထ.က (ခွဲ)

လူမှုရေးအဆောက်အဦး - ဓမ္မရုံ၊ စာကြည်တိုက်

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာလုပ်ငန်း၊ ကျဘမ်း၊ငါးဖမ်းလုပ်ငန်း

အဓိက ပိုင်ဆိုင်မှု - လယ်ယာ၊ ခြံ

အခြားဆက်နွယ်မှု ရှိ/မရှိ - အုပ်စုအတွင်း ကျေးရွာများနှင့်ချိတ်ဆက်မှုရှိ

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

စဉ်	အကြောင်းအရာ	ရက်စွဲ	ဦးတည်အုပ်စု	တက်ရောက်သူ			အဓိကဆွေးနွေးချက်များ
				က	မ	ပ	
၁	ကျေးရွာလူမှုရေးပြ၊ သယံဇာတပြမြေပုံ၊ (Social Map, Resources Map)	1.10.2017	ကျေးရွာလူထု	99	205	304	- ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း - ၄င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက် လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း)
၂	လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking)	1.10.2017	ကျေးရွာလူထု	99	205	304	- ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာဓန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။ - ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အ တားများကို ရှာဖွေဖော်ထုတ် ခြင်း။ - အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေ များကိုလေ့လာဖော်ထုတ်ခြင်း။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မ

(ဒရယ်ကျေးရွာအုပ်စု၊ဒရယ်ကျေးရွာ)

၃	ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar)	1.10.2017	ကျေးရွာလူထု	99	205	304	- ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။ - အစာရေစာရရှိနိုင်မှု၊ ကျန်းမာ ရေးပြဿနာများ၊ အိမ်ထောင်စု များအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အ ခဲများကို ဆွေးနွေးခြင်း။ - အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်း များကိုဆွေးနွေးခြင်း။

စဉ်	အကြောင်းအရာ	ရက်စွဲ	ဦးတည်အုပ်စု	တက်ရောက်သူ			အဓိကဆွေးနွေးချက်များ
				က	မ	ပ	
၄	အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram)	3.10.2017	ကျေးရွာလူထု	102	197	299	- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၄င်းအ ဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုး ရေးလုပ်ငန်းများကို ချိတ်ဆက် လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။
၅	ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web)	3.10.2017	ကျေးရွာလူထု	102	197	299	- ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍ ကိုသိရှိနိုင်ရန်နှင့် ၄င်းတို့ကိုယ် တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ် ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများ ကိုသိရှိနားလည်စေရန်။
၆	ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲခြင်း (Village Development Visioning)	3.10.2017	ကျေးရွာလူထု	102	197	299	- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။

၇	ကျေးရွာ၏ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်း များအဆင့်သတ်မှ တ်ခြင်း (Village Development Priorities)	3.10.2017	ကျေးရွာလူ ထု	102	197	299	- ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော် မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၆.၁ အရင်းအမြစ်ပြမြေပုံ



ကလိုကျေးရွာ၏သမိုင်းအကြောင်း

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာ၏သမိုင်းဖြစ်စဉ် (အကျဉ်း) ကိုပြုစုတင်ပြရာတွင်ကျေးရွာအမည်နှင့် မွန်ဘာသာမှမြန်မာဘာသာသို့ အဆင့်ဆင့်အကူးပြောင်းလာပုံမှအပ သမိုင်းစာစာပေ အထောက်ထား မှတ်တမ်းတင်ထားခြင်းမျိုးမတွေ့ရဘဲ ရှေ့လူကြီးသူမ သက်ကြီးရွယ်အိုများ၏

ပုံပြင်သဖွယ်အဖြစ်လူမမယ်ကလေးငယ်များအား ပြောကြားခဲ့သောစကားစုများနှင့် ကျေးတောရွာများ၏ဓလေ့အရ လသာသော ရက်များတွင်ရေနွေးကြမ်းဝိုင်းများမှာဆွေးနွေးပြောကြားခဲ့သော စကားစုများကိုမှတ်တမ်းပြုစု၍ ထပ်တူညီသောစကားစုများကို ယနေ့မျက်မှောက်ခေတ်ပထဝီအနေထားများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအပေါ် အခြေခံပြုစုထားခြင်းမျှသာဖြစ်ပါသည်။

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာသည် သံလွင်မြစ်လက်တက်ဘေး ချောင်းဆုံမြို့နယ် ၏ မြောက်ဝိုင်းတွင် တည်ရှိပြီး အိမ်ထောင်စုပေါင်း (၅၂၉) နှင့် လူဦးရေ (၄၀၆၁) ဦး နေထိုင်သော တစ်ရွာ တစ်အုပ်စု ဖြစ်ပြီး ကျေးရွာခွဲ မရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။

ဒရယ်ကျေးရွာတွင် မိုတင်နေထိုင်ကြသော မျိုးနွယ်စု၊ ကိုးကွယ်မှု၊ ဘာသာရေးဆိုင်ရာအဆောက်အဦးများ၊ ကျန်းမာရေးစောင့်ရှောက်နိုင်မှုနှင့်စာသင်ကျောင်းများ၏အခြေနေမှာ ဘာသာရေးအဆောက်ဦးအနေဖြင့် ဘုန်းတော်ကြီးကျောင်း (၆) ကျောင်းရှိပြီး ဘုရားစေတီများရှိပါသည် ဗမာနှင့်မွန်လူမျိုး (၉၈) % ရှိပြီး ဘင်္ဂလီနှင့်ဟိန္ဒူလူမျိုးအနည်းငယ်ရှိပါသည် အ.ထ.က ခွဲ (၁) ကျောင်း၊ အ.မ.က (၁) ကျောင်းနှင့် မူကြို (၁) ကျောင်းရှိပါသည် ကျန်းမာရေးဆေးပေးခန်းနှင့် ရဲစခန်းရှိပါသည် ကလိုကျေးရွာသည်သံလွင်မြစ်လက်တက်ဘေးတွင်တည်ရှိခြင်းကြောင့်ပင်လယ်နှင့်နှီးတင်မြေနများအခြေခံဖြင့် ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ လယ်ယာထွက်ကုန်နှင့် အခြားစိုက်ပျိုးသီးနှံရောင်းဝယ်ရေးလုပ်ငန်း၊ ဓနိခြံနှင့် ဓနိဖက်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ကြပြီး အချို့မှာကိုယ်ပိုင်လယ်မြေပိုင်ဆိုင်ကြပြီး အိမ်ထောင်စုအများစုမှာ လယ်မြေ၊ ခြံမြေမပိုင်ဆိုင်ကြပါ ကျဘမ်းလုပ်ငန်းဖြင့်အသက်မွေးဝမ်းကြောင်းပြုကြပါသည်။

သောက်သုံးရေရရှိမှုအခြေနေ

ပင်လယ်ကမ်းစပ်ကျေးရွာဖြစ်၍ ကျေးရွာ၏မြောက်ဘက်ပိုင်းတွင် ပင်လယ်ဆားငံရေစိမ့်ဝင်သောနေရာဖြစ်၍ တပေါင်း၊ တန်ခူးလများတွက်ဆားငံရေကြောင့် ရေတွင်းရေကန်များသုံးစွဲ၍ မရခဲ့ပါ သောက်သုံးရေများကိုရပ်ကွက်များစွာမှ ဝယ်ယူအသုံးပြုနေရခြင်းကြောင့်ငွေကုန်ကျများသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

လမ်းပန်းဆက်သွယ်ရေးအခြေနေ

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယခင်ကပြည်တွင်ရေကြောင်းမှပြေးဆွဲသောနစ်ထပ်သဘော်ဖြင့် သွားလာနေကြသောလည်း ယခုအခါ မော်လမြိုင်-ဘီလူးကျွန်းဆက်သွယ်သော တံတားကြီးရှိလာခြင်းကြောင့် ကျေးရွာရှိဆိပ်ကမ်းအသုံးပြုမှုနည်းပါးသွားပါသည် ကျေးရွာတွင်အဓိကအသုံးပြုလျက်ရှိသည့်လမ်းမှာ မြေသားလမ်းဖြစ်ပြီးနွေဝိုင်းတွင် ဖုန်ထူထပ်ခြင်း၊ မိုးရာသီတွင် မိုးရေတိုက်စားခြင်း ကြောင့်လမ်းပျက်စီးကာ သွားလာရအခက်ခဲပါသည်။

ပညာရေးကဏ္ဍ

ယခင်ကကျေးရွာတွင် မူလတန်းကျောင်း (၁) ကျောင်းသာရှိပြီး မူလတန်းအခြေခံပညာပြီးဆုံးသွားသူများသည် အခြားကျေးရွာရှိ အ.လ.က/အ.ထ.က ကျောင်းများသို့သွားရောက်ပညာသင်ကြားကြ ရပြီး သွားလာရေးအခက်ခဲများရှိခြင်းကြောင့် အခြေခံပညာရေးလောက်သာ တက်ရောက်ကြပြီး ပညာရေးတတ်မြောက်သူ အလွန်နည်းပါးခဲ့ပါသည်။

ယခုအခါကျေးရွာတွင် အ.ထ.က (ခွဲ) ရှိလာပြီးကျောင်းအဆောက်ဦးနှင့် ပရိဘောဂလုံးခြုံခိုင်ခံ့မှုမရှိခြင်း၊ မပြည့်စုံခြင်းနှင့်ကျောင်းဖွင့်ချိန် မိုးရာသီကာလများတွင်လမ်းများပျက်စီးနေခြင်းကြောင့် စာသင်ကျောင်းသို့သွားရာတွင်အခက်ခဲရှိပါသည်။

ကျန်းမာရေးကဏ္ဍ


ကျန်းမာရေးပြုစုစောင့်ရှောက်မှုအနေဖြင့် ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲ (၁) ခုဖွင့်လှစ်ထားပြီးဖြစ်ပါသည် ၄င်းကျန်းမာရေးဌာနခွဲတွင် သားဖွားခန်းတခန်းလည်းပြုပြင် တည်ဆောက်ထားပြီး ယခင်ကဆေးဝါးပြတ်လပ်မှုများရှိခဲ့သော်လည်း ယခုအခါတွင် လစဉ်လို အပ်သောဆေးဝါးများဖြည့်ဆည်းထောက်ပံ့ရေးလုပ်ငန်းကို စေတနာရှင်များပံ့ပိုးမှုဖြင့် လစဉ်အလှူငွေများပါဝင်ကူညီမှုကြောင့် ယခင်ကတစ်ပတ်တစ်ကြိမ်ဖွင့်လှစ်ခဲ့ရာမှ ယခုအခါနေ့စဉ်ဖွင့် လှစ်နေပြီးဖြစ်ပါသည်။

စီးပွားရေး

အဓိကအသက်မွေးဝမ်းကြောင်းအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြပါသည် မြေယာပိုင်ဆိုင်မှုမရှိသည့်အိမ်ထောင်စုမှာ ကျဘမ်းလုပ်ငန်းများဖြင့်အသက်မွေးဝမ်းကြောင်းပြုကြပါသည် အလုပ်ကိုင်ရှားပါးခြင်း၊ စားဝတ်နေရေးအကျပ်တည်းခြင်း ကျေးရွာတွင်အကြီးစားလုပ်ငန်းရှင်မရှိခြင်း၊ စက်မှုလက်မှုတတ်ပညာနည်းပါခြင်းတို့ကြောင့် တခြားနိုင်ငံသို့လုပ်ကိုင်ရှာဖွေကြပြီး သွားရောက်နေထိုင်ကြပါသည်။

အချုပ်အားဖြင့် ကလိကျေးရွာတွင်အများပြည်သူများအကျိုးဖြစ်ထွန်းစေနိုင်မည့် အခြေခံအဆောက်အဦးလိုအပ်ချက်များပြားကြောင်းနှင့် ၄င်းအခြေခံအဆောက်ဦးများအား ကျေးရွာဖွံ့ဖြိုးရေးရံပုံငွေဖြင့်ဆောက်လုပ်မည်ဆိုပါက စီးပွားရေးအနေထားအရ အခက်ခဲနိုင်ကြောင်း၊ ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ ပံ့ပိုးဆောင်ရွက်မှသာလျှင် အခြေခံအဆောက်ဦးများလျင်မြန်စွာပြည့်မှီပြီး အကျိုးခံစားခွင့်ရနိုင်မည်ဖြစ်ကာ အလုပ်အကိုင်အခွင့်လမ်းရှားပါးမှုအတွက်လည်း အသက်မွေးဝမ်းကြောင်းနှင့် ပတ်သက်သည့်သင်တန်းများအား ကျေးရွာသူ/သားများပံ့ပိုးပေးခြင်း၊ အလုပ်ကိုင်အခွင့်လမ်းဖန်တီးပေးခြင်းတို့လိုအပ်နေကြောင်းလေ့လာသုံးသပ်ရပါသည်။

၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြပန်ကားချပ်



ဒရယ်**ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်**

ဒရယ်ကျေးရွာအုပ်စု၊ ဒရယ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မ

(ဒရယ်ကျေးရွာအုပ်စု၊ဒရယ်ကျေးရွာ)

၁။ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့

၂။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့

၃။ အမျိုးသမီးရေးရာအဖွဲ့

၄။ အရံမီးသတ်တပ်ဖွဲ့


၅။ ရဲတပ်အဖွဲ့

၆။ နာရေးကူညီမှုအဖွဲ့

၇။ ကျေးရွာလူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီအဖွဲ့

ဖော်ပြပါအဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ကိုင်နေကြသော်လည်း အချင်းအချင်းချိတ်ဆက်လုပ်ဆောင်မှုအားနည်းနေသည်ကို တွေ့ရသည်။ ၄င်းအပြင် သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုချင်းစီအနေဖြင့်လည်း ရံပုံငွေမရှိခြင်း၊ တိကျသော တာဝန်၊ ဝတ္တရားများသတ်မှတ်ထားရှိမှုမရှိကြသေးသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်လုပ်ဆောင် မည့် လုပ်ငန်းစဉ်များ တိကျစွာချမှတ်ထားခြင်းများ မရှိကြသေးပါ ထို့ကြောင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်ရာတွင် ထိရောက်မှုအားနည်းပြီး နောင့်နေးမှုများရှိနေပါသည်။

၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း




အမျိုးအစား	စံသတ်မှတ်ချက်များ	အိမ်ထောင်စု အရေအတွက်
ပြည့်စုံသူများ	တိုက်အိမ်၊ ရေဘဝဲ (သုဇက) စက်ဘီး၊ ကားအိုင်ကပ် လပ် (၁၀)ဧက၊ ဟယ်လစ်ကော်၊ ဘဲ၊ ကြောက်၊ အုတ်လုပ်ငန်း	၁၅၀
အလယ်လတ်အုပ်စု	ပျဉ်ထောင်အိမ်၊ ကွန်ကရစ်ဆိုင်၊ ရေဘဝဲ (၃) ဧက၊ လပ် (၃) ဧက အိုင်ကပ် (စာရင်း)၊ ကြေး၊ နွား၊ အတိုစက်(မော်တော်ဘိုက်)၊ ငါးဖမ်းလုပ်ငန်း	၂၀၀
မပြည့်စုံသူအုပ်စု	ကျဉ်းမြောင်၊ အိုစုတ်၊ ငွေးပေါက်၊ ပန်းဂုံ၊ စက်ဘီး၊ လပ်ပေါက်မဲ့၊ ဝါးမိုးမြောင် (ခေါင်မိုးရိပ်)၊ ခေါင်းရွက်ချေး၊ သဲညှော်	၁၄၀

ဒရယ်ကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်

ဒရယ်ကျေးရွာအုပ်စု ဒရယ်ကျေးရွာ၏ အဓိကစီးပွားရေးမှာ လယ်ယာလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ လယ်ယာထွက်ကုန်နှင့်အခြားစိုက်ပျိုးသီးနှံများရောင်းဝယ်ရေးလုပ်ငန်းများလုပ်ကိုင်ကြပြီး အဓိကပိုင်ဆိုင်မှုများအနေဖြင့် အိမ်ထောင်စု၊ စုစုပေါင်း ( ) စုအနက်မှ အတော်သင့်ပြေလည်သည့်အိမ်ထောင်စုမှာ (၄၀) အိမ်ခန်ရှိပြီး ကိုယ်ပိုင်လယ်ဧက (၅) ဧကနှင့်အထက်ပိုင်ဆိုင်ကြကာ လယ် ယာလုပ်ငန်းတွင်အသုံးပြုနိုင်သည့်စက်ကိရိယာများပိုင်ဆိုင်ကြပါသည် အိမ်ထောင်စု (၂၀) ခန့်မှာ လယ် (၃) ဧကပိုင်ဆိုင်ကြပြီး အလယ်လတ်အဆင့်စားသောက်နိုင်ကြသည့်သူများဖြစ်ပါသည် ကျန် သည့်အိမ်ထောင်စုမှာ စီးပွားရေးလုပ်ကိုင်နိုင်သည့်ပိုင်ဆိုင်မှုမရှိကြသူများဖြစ်ပြီး ကျဘမ်းလုပ်ငန်းလုပ် ကိုင်ခြင်းနှင့် အခြားသောနိုင်ငံများတွင် စီးပွားရှာခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။

ကျေးရွာ၏သုံးပုံနှစ်ပုံခန့်မှာ နွမ်းပါးကြပါသည် ထိုကဲ့သို့ဖြစ်နေရခြင်းမှာ စိုက်ပျိုးရေးကိုသာ အဓိကအားထားနေကြသော်လည်းစိုက်ပျိုးနိုင်သည့်အရင်းမြစ်များပိုင်ဆိုင်မှုမရှိခြင်း၊ အလုပ်ကိုင်အခွင့်လမ်းရှားပါးခြင်း၊ အသက်မွေးဝမ်းကြောင်းမှုအတတ်ပညာတတ်မြောက်မှုနည်းပါးခြင်း၊ ပညာရေးကဏ္ဍတွင် လည်းအားနည်းမှုများရှိနေခြင်းကြောင့်တို့ဖြစ်သည်။

၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



ဒရယ်**ကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း**

ဒရယ်ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အဆင့် (၁၀) ဆင့် အချက် (၁၀) ချက်ဖြင့် သုံးသပ်ဆွေးနွေးခဲ့ပါသည်။

အိမ်မှုကိစ္စ

အိမ်မှုကိစ္စရပ်များတွင် အမျိုးသမီးများမှသာ ဦးဆောင်နေသည်ကို တွေ့ရသည်။ အကြောင်းမှာ အိမ်မှုကိစ္စရပ်များအား အစဉ်အလာအရ အမျိုးသမီးများနှင့်သာ သက်ဆိုင်သည်ဟု ခံယူထားကြပြီး အမျိုးသမီးများမှသာ ဦးဆောင်ကာလုပ်ကိုင်နေကြခြင်းဖြစ်သည်။

ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွင် အမျိုးသား/အမျိုးသမီး ခွဲခြားထားမှုများမရှိဘဲ ရှာဖွေဆုဆောင်းရာမှ ရရှိလာ သည့်ပစ္စည်းဥစ္စာများအား အတူတကွ ပိုင်ဆိုင်ထိန်းချုပ်သုံးစွဲမှုကြပါသည်။

အလုပ်အကိုင်အခွင့်အလမ်း

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ အခွင့်အရေးများ ကြောင်းတွေ့ရသည်။ အကြောင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စရပ်များတွင်သာ အချိန်ကုန် လုပ်ကိုင်နေရခြင်း၊ ရွာတွင်းရှိအလုပ်ကိုင်များသည်လည်၊ အမျိုးသားများလုပ်ကိုင်မှသာ သင့်တော်သည့် ဟုသတ်မှတ်ထားခြင်း၊ ရရှိသောလုပ်ခနှုန်းထားများသည်လည်းအမျိုးသမီးများထက်အမျိုးသားများ သည်သာ ပိုမိုရရှိခြင်းတို့ကြောင့် အမျိုးသားများမှာအမျိုးသမီးများထက်ပိုမိုအလုပ်ကိုင်အခွင့်လမ်းရှိကြ သည်။

ဝင်ငွေရရှိမှု

ဝင်ငွေရရှိမှုတွင် အမျိုးသားများမှသာလုပ်ကိုင်အခွင့်လမ်းပိုမိုရရှိသည့်အတွက် အမျိုးသားများသည်အမျိုးသမီးများထက် ဝင်ငွေပိုရရှိပါသည် အမျိုးသမီးများမှ ဝင်ငွေမရရှိသည့် အိမ်မှုကိစ္စများနှင့်သာ အချိန်ကုန်နေကြပြီး တခြားနိုင်ငံသို့အလုပ်သွားရောက်လုပ်ကိုင်သည့်အမျိုးသမီးများတွင်သာ ဝင်ငွေရှိ တတ်ပါသည်။

လုံခြုံမှု

ဘဝလုံခြုံမှုအပိုင်းတွင် အမျိုးသားများလုံခြုံမှု ပိုရှိတတ်သည် အမျိုးသမီးများဘဝလုံခြုံမှုနည်းပါးခြင်းမှာ အစဉ်အလာအရ ပတ်ဝန်းကျင်သတ်မှတ်ထားသည့် အကြောင်းအရာများအပေါ် လိုက်လျောညီထွေစွာနေထိုင်ရခြင်းကြောင့်ခန္ဓာကိုယ်စိတ်ပိုင်ဆိုင်ရာကြံ့ခိုင်မှု နည်းပါးနေသည်ဟု ခံယူထားသည့် အမျိုးသမီးများပြားနေခြင်းနှင့် အမျိုးသားများ၏အကြမ်းဖက်မှုခံနေရသည့် အမျိုးသမီးများရှိနေခြင်းကြောင့် လုံခြုံမှုနည်းနေခြင်းဖြစ်သည်။

ပညာသင်ကြားခွင့်

ပညာသင်ကြားခွင့်တွင် အမျိုးသားများမှအမျိုးသမီးများထက် ပညာသင်ကြားခွင့်ရှိကြပါသည် မိဘများသည်အမျိုးသမီးများထက်အမျိုးသားများကိုသာ ပညာသင်ကြားခွင့် ပိုမိုအလေးထားကြပါသည် အဘယ်ကြောင့်ဆိုသော် အိမ်ထောင်ဦးစီးဖြစ်လာမည့် အမျိုးသားများအတွက် ပညာသင်ကြားမှုအားနည်းလျှင် အလုပ်လုပ်ကိုင်ရာတွင် အခြေခံအဆင့်သာ ဝင်ရောက်လုပ်ကိုင်ကြပါမည်ဖြစ်ပြီး အမျိုးသမီးများ၏လုပ်ခဖြင့်နေထိုင်စားသောက်ကြပါသည်။

ရပ်ရွာအရေးပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် အရင်းအမြစ်များကိုစီမံခန့်ခွဲခွင့်

ရပ်ရွာအရေးကိစ္စတွင် အမျိုးသမီးများမှာအမျိုးသားများထက် ပိုမိုပါဝင်ခွင့်ရှိကြပါသည် အမျိုးသားများမှာဝင်ငွေရရှိသည့်အလုပ်ကိုလုပ်ကိုင်နေရသည့်အတွက် ဝင်ငွေမရရှိသည့်ရပ်ရွာရေး၊ လူမှုရေးကိစ္စများတွင် အမျိုးသမီးများသားပူးပေါင်းပါဝင်တတ်ကြပါသည် သို့သော်ဆုံးဖြတ်ချက်ချသည့်အခါမျိုးတွင် အမျိုးသားများသာဆွေးနွေးဆုံးဖြတ်သွားတတ်ကြပါသည်အကြောင်းမှာ အစဉ်လာအရ အမျိုးသားများကို အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်ထားပြီးဦးဆောင်နေသူများအဖြစ် နေရာပေးတတ်ကြခြင်းနှင့် အမျိုးသမီးအများစုမှာ အမျိုးသားများအပေါ် မှီခိုအားထားပြုနေကြခြင်းတို့ကြောင့်ဖြစ်သည်

၆.၅ ရာသီခွင်ပြဇယား




ဒရယ်ကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်

ဒရယ်ကျေးရွာ၏ရာသီဥတုအခြေနေမှာ တပို့တွဲ၊ တပေါင်း၊ တန်ခူးနှင့် ကဆုန်လများတွင် အလွန် ပူပြင်းပြီး နယုန်၊ တော်သလင်း၊ သီတင်ကျွတ်လများတွင် နေတပြိုက်ဖြင့်ပူအိုက်စွတ်စိုသောရာသီဥတု မျိုးဖြစ်သည် ဝါဆို၊ ဝါခေါင်လများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီးရေကြီးရေလျှံမှုများဖြစ်ပေါ်လေ့ရှိ သည် တန်ဆောင်မုန်း၊ နတ်တော်နှင့်ပြာသိုလများတွင် ဆီးနှင်းများအနည်းငယ်ကျပြီး ချမ်းအေးသည်။

လယ်ယာလုပ်ငန်းနှင့် ငါးဖမ်းအလုပ်ကို အဓိကထားအသက်မွေးဝမ်းကြောင်း ပြုကြသဖြင့် ကဆုန်၊ နယုန်လများတွင် ထွန်းယက်စိုက်ပျိုးလုပ်ကိုင်နိုင်ရန် လယ်ယာလုပ်ငန်းခွင်းသို့ သွားရောက်ကြ ပါသည် ရာသီဥတုဖောက်ပြန်ခြင်း၊ ရေကြီးမှုများဖြစ်ပေါ်တတ်ခြင်းကြောင့် အသီးနှံပျက်စီခြင်း၊ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအတွက် စီးပွားရေးကျပ်တည်းမှုဖြစ်ပြီးစားဝတ်နေရေးအခက်ခဲမှုရှိတတ်ပါသည် အမျိုးသမီးများမှာ စပါးစိုက်ပျိုးသည့်အချိန်တွင်သာဝင်ငွေရှိပြီး အမျိုးသားများမှာ ကြံ၊ရာကျဘမ်းလုပ်ငန်း များဖြင့်သာသက်မွေးဝမ်းကြောင်းရသဖြင့်ကျေးရွာလူထုအများစုမှာ မိသားစုနှင့်ခွဲခွာပြီး အခြားနိုင်ငံများ သို့အလုပ်သွားရောက်လုပ်ကိုင်ကြရသဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးကိစ္စများတွင်မနိုင်ခြင်းဖြစ် သည် လယ်မြေပိုင်ဆိုင်သူများမှာ စပါးပေါ်သောကာလတွင်သာဝင်ငွေရှိပြီးကျန်သောလများတွင် ဝင်ငွေ အခက်ခဲရှိပါသည်။

ပြာသို၊ တပို့တွဲ၊ တန်ခူးလတို့တွင် ကျေးရွာဓလေ့ပွဲတော်များ နှစ်စဉ်ကျင်းပလေ့ရှိသည်ရာသီဥတု အကူးပြောင်းကာလနှင့်မိုးကြီးသည့်အချိန်များတွင် အသေးစားကျန်းမာရေးပြဿနာများဖြစ်ပွါးတတ်ပါ သည်။

၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



ဒရယ်**ကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်**

ဒရယ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျသော အခြေခံအဆောက်အဦ အများအပြားလိုအပ်ချက်ရှိနေသေးသည်ကိုတွေ့ရသည် ရွာတွင်းရှိအခြေခံအဆောက်ဦးများ အရင်းမြစ် များသုံးစွဲမှုတွင် အမျိုးသား၊ အမျိုးသမီးများတန်းတူသုံးစွဲမှုများရှိသော်လည်း ရပ်ရွာအရေးတွင်ပါဝင်ခွင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် အရင်းမြစ်များထိန်ချုပ်မှုအပိုင်းတွင် အမျိုးသားများမှ ပိုမိုဦးဆောင်နေသည်ကို တွေ့ရပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မ
(ဒရယ်ကျေးရွာအုပ်စု၊ဒရယ်ကျေးရွာ)



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မ

(ဒရယ်ကျေးရွာအုပ်စု၊ဒရယ်ကျေးရွာ)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မ

(ဒရယ်ကျေးရွာအုပ်စုဒရယ်ကျေးရွာ)

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	ကျေးရွာအုပ်စု	ကျေးရွာ	ဖွဲ့စည်းသည့်ရက်စွဲ	ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအမည်	ရာထူး
၁	ဒရယ်	ဒရယ်	၃-၇-၂၀၂၂	ဦးကိုကိုလေး	ဥက္ကဋ္ဌ
၂				ဦးရင်ထွေး	အတွင်းရေးမှူး
၃				ဦးကျော်ဆန်း	ဥက္ကဋ္ဌ
၄				ဦးချစ်မောင်	ဘဏ္ဍာရေးမှူး
၅				ဒေါ်တင်အေး	စာရင်းကိုင်
၆				ဦးစိုးနိုင်	အဖွဲ့ဝင်
၇				ဦးသက်ဝေ	အဖွဲ့ဝင်
				ဦးကျော်ဒင်	အဖွဲ့ဝင်
				ဦးနိုင်မွန်ခိုင်	အဖွဲ့ဝင်
				ဦးမြင့်ဆွေ	အဖွဲ့ဝင်
				ဦးစိန်တင်	အဖွဲ့ဝင်
	စုစုပေါင်း			(၇)ဦး	

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မ

(ဒရယ်ကျေးရွာအုပ်စု၊ဒရယ်ကျေးရွာ)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မ

(ဒရယ်ကျေးရွာအုပ်စုဒရယ်ကျေးရွာ)

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

စဉ်	အဆိုပြုသူ	အခက်အခဲ၊ အတားအဆီးများ
၁	ကျား/မ	ရွာတွင်းပတ်လမ်းများအား အဆင့်မြှင့်တင်ရန်လိုအပ်နေသေးခြင်း
၂	ကျား/မ	ရေအရင်းအမြစ်နှင့် သောက်သုံးရေလုံလောက်မှုမရှိခြင်း
၃	ကျား/မ	မြစ်ရေလျှံသဖြင့် ရေလွှမ်းမိုးမှုများရှိနေခြင်း
၄	ကျား/မ	ကျေးလက်ဆေးပေးခန်းမရှိသဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်း။ အခြားကျေးရွာများတွင် သွားရောက်ပြသရသဖြင့် အခက်အခဲကြုံတွေ့ရခြင်း။
၅	မ	ပညာရေးအဆောက်အဦလုံလောက်မှုမရှိခြင်း
၆	မ	စျေးအဆောက်အဦးပျက်စီးယိုယွင်းနေခြင်း

၁၅။ ၂၀၂၂-၂၀၂၃ခု နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

စဉ်	အဆိုပြုသူ	လုပ်ငန်း
၁	ကျား/မ	မြေသားလမ်းခင်းခြင်း
၂	ကျား	ကုန်ထုတ်တံတားတည်ဆောက်ခြင်း

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မ

(ဒရယ်ကျေးရွာအုပ်စု၊ဒရယ်ကျေးရွာ)

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

	အ ဆင့်	လုပ်ငန်းအမည်	အဆို ပြုသူ	ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု	ပြင်ပမှမည်သူ ထောက်ပံ့မလဲ
အသက်မွေးဝမ်းကျောင်းသင်တန်းများ	၁	ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြောသင်တန်း	ကျား/မ		

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်း နှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။